# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကျင်းပခြင်း

## သတင်းထုတ်ပြန်ချက်

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions:ASEANSAI) ၏ (၆) ကြိမ်မြောက်ထိပ်သီးအစည်းအဝေး (the 6th ASEANSAI Summit) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ASEANSAI အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေး (the 6th ASEANSAI Senior Officials' Meeting: SOM) ကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ၂၈-၇-၂၀၂၁ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံ (၁၀) နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေး၌ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ လက်ရှိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် မလေးရှားနိုင်ငံစာရင်းစစ်ချုပ် H.E. Datuk Nik Azman bin Nik Abdul Majid က စတင်ဖွဲ့စည်းသည့် ကာလမှစ၍ ၁၀ နှစ်တာကာလ အတွင်း အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြင့်တင် နိုင်ခဲ့ပြီး အရေးပါသည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးဖြေရှင်း၍ အဖွဲ့၏ ရည်မှန်းချက်များ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှေ့လာမည့် ကာလများတွင်လည်း တက်ကြွစွာပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အဖွဲ့ အတွင်းရေးမှူးရုံး၏ Head of ASEANSAI Secretariat ဖြစ်သူ Mr. Bahtiar Arif က နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိအဖြစ် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် အဖွဲ့၏စည်းမျဉ်းစည်းကမ်းနှင့်လုပ်ထုံးလုပ်နည်းများ

ပြင်ဆင်ချက်(မူကြမ်း)၊ အဖွဲ့၏ မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) နှင့် အသိပညာမျှဝေရေး ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ အဖွဲ့၏ ကော်မတီများဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့်လုပ်ထုံးလုပ်နည်းများကော်မတီ၊ မဟာဗျူဟာစီမံကိန်းကော်မတီ၊ လေ့ကျင့်သင်ကြားရေးကော်မတီ၊ အသိပညာမျှဝေရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် အတွင်းရေးမှူးရုံးတို့၏ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းစီမံချက် (မူကြမ်း)နှင့် အဖွဲ့၏ ဥပဒေရေးရာဆောင်ရွက်နိုင်မှုအပေါ် စိစစ်လေ့လာမှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေး၊ ဒုတိယနေ့ကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် အထောက်အကူပြုအစည်းအဝေးတို့ကို ၂၇-၇-၂၀၂၁ ရက်နေ့တွင်လည်း မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဆောင်သောအဖွဲ့တက်ရောက်ခဲ့ပါသည်။